# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄)

## အမျိုးသမီးများအား ဖိနှိပ်ကန့်သတ်သော ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ နယ်ပယ်ခွဲခြားသတ်မှတ်ခြင်း’ အယူများ

### ဆိုလိုရင်းအနှစ်ချုပ်

တနိုင်ငံလုံးနဲ့ဆိုင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို နားလည်ရာမှာ ကျား-မရေးရာ ရှေးရိုးစွဲအယူအဆတွေက အလုပ်မဖြစ်တော့ပါဘူး။ ရှေးရိုးစွဲ အယူအဆတွေမှာ အမျိုးသမီးတွေဟာ အိမ်ထောင်ရှင်မများ ဖြစ်တဲ့အတွက် အိမ်တွင်းမှုကိစ္စများ (ဝါ) မိသားစုအကျိုးနဲ့ဆိုင်တဲ့ လုပ်ငန်းတွေကိုသာ ဆောင်ရွက်ဖို့ဖြစ်ပြီး၊ အမျိုးသားတွေကတော့ အိမ်ပြင်ပလုပ်ငန်း ဆောင်တာတွေ (ဝါ) အများအကျိုးနဲ့ဆိုင်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ရှိတယ်ဆိုပြီး အမျိုးသမီးတွေရဲ့ လုပ်ပိုင်ခွင့်အပေါ် နယ်ပယ်ခွဲခြားမှု လုပ်ခံရတာ ဖြစ်ပါတယ်။ ဒါကြောင့် Carole Pateman တို့လို ပညာရှင်တွေက ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ ခွဲခြားသတ်မှတ်ခြင်း’ Public/Private Dichotomy ဆိုတဲ့ အယူအဆဟာ အမျိုးသမီးအခွင့်အရေး လှုပ်ရှားနေသူတွေအတွက် ရာစုနှစ်များနဲ့ချီပြီး အဓိက ဆန့်ကျင်တိုက်ဖျက်ခဲ့ရတဲ့ အယူမှား၊ အယူဆိုးဖြစ်တယ်လို့ ဆိုပါတယ်။ ဒီနေ့ခေတ် နိုင်ငံ တော်တော်များမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို လေ့လာကြည့်ရင်လည်း ဒီအယူအဆဟာ အထောက်အထားအရလည်း မှားယွင်းနေသလို ခေတ်နဲ့လည်း မဆီလျော်တော့တာကို တွေ့ရပါတယ်။

### ဘာကြောင့် အလေးထားသင့်သလဲ။

လူထုလှုပ်ရှားမှုကို ပါဝင်ကြတဲ့အခါ အိမ်ထောင်ရှင် အမျိုးသမီးတွေက  သူတို့ရဲ့ နိစ္စဓူဝ လုပ်ငန်းဆောင်တာတွေဖြစ်တဲ့ ဘုရားခန်း၊ မီးဖိုချောင်လို နေရာတွေနဲ့ဆက်စပ်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေပြုလုပ်လာကြတာတဲ့အပေါ် ထင်ရှားတဲ့ သာဓကေများစွာရှိပါတယ်။ အနီးစပ်ဆုံး ဥပမာအနေနဲ့ ၂၀၁၄ ခုနှစ် ထိုင်ဝမ်မှာ တရုတ်နိုင်ငံနဲ့ စီးပွားရေး သဘောတူညီချက်ကို ကန့်ကွက်ရာက အစပြုခဲ့ပြီး၊ နောက်ဆုံး နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေး စက်ရုံတည်ဆောက်ရေးကိုပါ တခဲနက်ဆန့်ကျင်ခဲ့ကြတဲ့ နေကြာပန်းလူထုလှုပ်ရှားမှုကြီး (Sunflower Movement) မှာ အမျိုးသမီးများရဲ့ ပါဝင်မှုဟာ အထင်ကရ ဖြစ်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က ဖြစ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း မတရားမှုကို ဆန့်ကျင်တဲ့ ပြည်သူများရဲ့ ဆန္ဒထုတ်ဖော်မှုတွေ နိုင်ငံအနှံ့မှာ ဖြစ်လာခဲ့ပါတယ်။ ပုံသဏ္ဍာန်မျိုးစုံနဲ့ ပေါ်ပေါက်လာတဲ့ ဆန္ဒထုတ်ဖော်မှုတွေမှာ အသက်အရွယ်မရွေး၊ အလွှာစုံမှ အမျိုးသမီးများ (အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးငယ်များ)ကလည်း ရှေ့တန်းမှ တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။ ဆန္ဒထုတ်ဖော်တာတွေကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံးဖြိုခွင်းချိန်မှာလည်း အမျိုးသမီးတွေဟာ နောက်တွန့်မသွားဘဲ အမျိုးသားတွေနဲ့ ရင်ဘောင်တန်းပြီး ရင်ဆိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနေ့ဟာ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ ဖြစ်တာကြောင့် လက်ရှိ စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ နေရာစုံကနေ ပုံသဏ္ဍာန်မျိုးစုံနဲ့ ပါဝင်နေကြတဲ့ အမျိုးသမီးတွေကို ယခုဖော်ပြတဲ့ အကြောင်းအရာနဲ့အတူ ဂုဏ်ပြုအပ်ပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄)

### အမျိုးသမီးများအား ဖိနှိပ်ကန့်သတ်သော ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ နယ်ပယ်ခွဲခြားသတ်မှတ်ခြင်း’ အယူမှား

ပညာရှင် Chia-Ling Yang က ထိုင်ဝမ်ရဲ့ Sunflower Movement ကို လေ့လာရာမှာ အိမ်ထောင်ရှင် အမျိုးသမီးတွေက အိမ်မှုကိစ္စနဲ့ပဲဆိုင်ပြီး နိုင်ငံ့အရေးပတ်သတ်နိုင်ဖို့ နည်းတယ်ဆိုတဲ့ ယူဆချက်က မဟုတ်ဘူး။ ထိုင်ဝမ်က အိမ်ရှင်မတွေဟာ သူတို့ရဲ့နိုင်ငံသားဖြစ်မှု၊ မိခင်ဖြစ်မှုတွေကို အခြေခံပြီး နေ့စဉ်ဘဝထဲက နိုင်ငံရေးအဖြစ်နဲ့ လူထုလှုပ်ရှားမှုထဲကို ထဲထဲဝင်ဝင် ပါဝင်နိုင်ခဲ့ကြတယ်လို့ ကောက်ချက်ချပါတယ်။ Chia-Ling Yang ရဲ့ သုတေသနမှာ ဖြေဆိုသူ အိမ်ထောင်ရှင် အမျိုးသမီးတယောက်က ‘မိခင်တဦးဖြစ်ခြင်းဟာ ကျမရဲ့အလုပ်ဖြစ်သလိုပဲ မိခင်တွေ နိုင်ငံရေးမှာ ပါဝင်ခြင်းက ကျမတို့ရဲ့ ဒုတိယအလုပ် ဖြစ်ပါတယ်။ ကျမတို့ သားသမီးတွေ ဘာ လိုချင်ကြသလဲ၊ ဒီကမ္ဘာကြီးက ဘာလိုအပ်သလဲဆိုတာ ကျိန်းသေသိပါတယ်။ မိခင်တွေဟာ နိုင်ငံရေးပါတီနဲ့ သူတို့ရဲ့ ပုဂ္ဂိုလ်ရေးအသာရမှုကိုသာ အလေးထားတဲ့ နိုင်ငံရေးသမားတွေလိုမျိုး မဟုတ်ပါဘူး၊ မိခင်တွေက ဒီကမ္ဘာကြီး ပိုပြီး သာယာဝပြောအောင်လုပ်တဲ့နေရာမှာ ခေါင်းကြောမာသူတွေ ဖြစ်ပါတယ်’လို့ ဆိုခဲ့ပါတယ်။ သူတို့ရဲ့ ဆန္ဒပြပွဲတွေမှာ နျူကလီးဆန့်ကျင်ရေး ကလေးဖတ်စာတွေကို ဖတ်ပြတဲ့ လူထုစာဖတ်ပွဲတွေကတဆင့် အိမ်ရှင်မတွေက သူတို့ရဲ့မိခင်ဖြစ်မှုနဲ့ နေ့စဉ်ဘဝ လုပ်ငန်းဆောင်တာတွေက လူထုလှုပ်ရှားမှုကြီးအတွက် အရေးပါမှုတွေကို ပြသခဲ့ပါတယ်။

ဒီလိုဖြစ်စဉ်တွေဟာ ထိုင်ဝမ်မှာတင် မကပါဘူး။ ထိုင်းနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့တဲ့ စစ်အာဏာသိမ်းမှုဆန့်ကျင်တဲ့ လူထုလှုပ်ရှားမှုတွေမှာလည်းအမျိုးသမီးတက်ကြွလှုပ်ရှားသူတွေ ရှေ့တန်းကပါဝင်ခဲ့ပါတယ်။ ဝန်ကြီးချုပ် ပရာယွတ် နှုတ်ထွက်ပေးဖို့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ဖော်ဆောင်ပေးနိုင်တဲ့ အခြေခံဥပဒေတရပ် ထွက်ပေါ်လာဖို့၊ ထိုင်းဘုရင်စနစ်ကို ပြုပြင်ပြောင်းလဲပေးဖို့ စတဲ့ နိုင်ငံရေးတောင်းဆိုချက်တွေအပြင် ကိုယ်ဝန်ဖျက်ချခွင့်ပြုဖို့၊ အမျိုးသမီးသုံး ဓမ္မတာပစ္စည်းတွေကို အခွန်နှုန်းလျှော့ပေးဖို့၊ စာသင်ကျောင်းတွေမှာ အမျိုးသမီးတွေကိုဖိနှိပ်တဲ့ စည်းမျဉ်းတွေ ဖျက်သိမ်းပေးဖို့ စတဲ့ အမျိုးသမီးတွေနဲ့ပတ်သတ်တဲ့ အခွင့်အရေးတွေကိုလည်း တောင်းဆိုခဲ့ကြပါတယ်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာကလည်း ဘယ်လာရုစ်နိုင်ငံမှာ ရွေးကောက်ပွဲကို ဆန့်ကျင်ဆန္ဒပြသူတွေအပေါ် ဖြိုခွင်းနှိမ်နင်းခဲ့တာကြောင့် ဖိုဝါဒလက်ခံကျင့်သုံးတဲ့ သမ္မတ Aleksandr G. Lukashenko ကို ဆန့်ကျင်ဆန္ဒပြကြရာမှာလည်း အမျိုးသမီးတွေ ရှေ့တန်းက ပါဝင်ခဲ့ကြပါတယ်။

**မိခင်တဦးဖြစ်ခြင်းဟာ ကျမရဲ့အလုပ်ဖြစ်သလိုပဲ မိခင်တွေ နိုင်ငံရေးမှာ ပါဝင်ခြင်းက ကျမတို့ရဲ့ ဒုတိယအလုပ် ဖြစ်ပါတယ်။ ကျမတို့ သားသမီးတွေ ဘာ လိုချင်ကြသလဲ၊ ဒီကမ္ဘာကြီးက ဘာလိုအပ်သလဲဆိုတာ ကျိန်းသေသိပါတယ်...**

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄)

### အမျိုးသမီးများအား ဖိနှိပ်ကန့်သတ်သော ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ နယ်ပယ်ခွဲခြားသတ်မှတ်ခြင်း’ အယူမှား

**■ မြန်မာနိုင်ငံနှင့် ဆီလျော်သလား**

ထိုင်ဝမ်ရဲ့ Sunflower Movement လှုပ်ရှားမှုအပါအဝင် နိုင်ငံရေးလှုပ်ရှားမှုတွေထဲမှာ အမျိုးသမီးတွေက ပုံသဏ္ဍာန်မျိုးစုံနဲ့ ပါဝင်လာကြပြီး၊ အမျိုးသမီးတွေကို ဖိနှိပ်ကန့်သတ်ထားတဲ့ ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ ခွဲခြားသတ်မှတ်ချက်’တွေကို ဆန့်ကျင်အပ်တယ်ဆိုတဲ့ ကိစ္စတွေဟာ မြန်မာနိုင်ငံနဲ့လည်း ဆီလျော်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်အာဏာသိမ်းမှုနဲ့ ပတ်သတ်ပြီး ဖြစ်ပေါ်လာတဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကြီးမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုကို အရေအတွက်အားဖြင့် သိနိုင်သလို၊ ပုံသဏ္ဍာန်ပေါင်းစုံ၊ အလွှာစုံကနေ ပါဝင်ခဲ့ကြတာတွေကိုလည်း သတိပြုနိုင်ပါတယ်။ နိုင်ငံရေးတောင်းဆိုချက်တွေကို ကြွေးကြော်ပြီး ဆန္ဒထုတ်ဖော်ကြသူတွေ ရှိကြသလို၊ လမ်းပေါ်မှာ ငြိမ်းချမ်းစွာစုဝေးပြီး ပရိတ်ရွတ်ရင်း ဆန္ဒထုတ်ဖော်တာ၊ သိုးမွှေးထိုးရင်း ဆန္ဒထုတ်ဖော်တာ၊ လမ်းပေါ်မှာပဲ အလှပြင်ရင်း ဆန္ဒထုတ်ဖော်တာ စသဖြင့် ကိုယ်နိုင်နင်းရာ နည်းလမ်းပေါင်းစုံသုံးပြီး တိုက်ပွဲဝင်ခဲ့ကြပါတယ်။ တချိန်တည်းမှာပဲ ကျား-မ လိင်စိတ်ခံယူမှုကွဲပြားသူတွေကလည်း အလှဝတ်စုံတွေဝတ်ဆင်ပြီး စုဝေးချီတက်တာတွေ လုပ်ခဲ့ကြပါတယ်။ ဒါတွေအပြင် ညစဉ် ရှစ်နာရီဆို ပြုလုပ်နေကြတဲ့ ‘သံပုံးတီး ဆန္ဒထုတ်ဖော်ခြင်း’ လုပ်ဆောင်ရာမှာလည်း အမျိုးသမီးတွေ အင်ပြည့်အားပြည့် ပါခဲ့ကြပါတယ်။ တခါ အာဏာသိမ်း စစ်ကောင်စီဘက်က ရပ်ထဲရွာထဲအထိဝင်ပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူတွေကို နှိမ်နင်းချိန်မှာလည်း အမျိုးသမီး အသုံးအဆောင်တွေဖြစ်တဲ့ ထဘီတွေ၊ အတွင်းခံတွေကို လမ်းမတွေထက်မှာ ကြိုးတန်း လှမ်းခဲ့ကြပါတယ်။ အမျိုးသမီး ထဘီတန်းအောက်ကဖြတ်ရင် ဘုန်းနိမ့်တယ်လို့ အယူရှိ၊ ဗိုဝါဒီအစွဲကြီးပြီး ရှေးရိုးစွဲတယူသန်တဲ့ စစ်သားတွေနဲ့ ရဲတွေ ဆန္ဒထုတ်ဖော်သူတွေဆီ အလွယ်တကူ လာလို့မရအောင် ကျားကန်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ အာဏာသိမ်းစစ်ကောင်စီရဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးခန့်ထားရေး အစမ္မအားထုတ်မှုတွေအပေါ် အုပ်ချုပ်ရေးမှူးရုံးရှေ့ သွားရောက် ကန့်ကွက်ကြသူတွေထဲမှာ အမျိုးသမီးတွေ ရှေ့တန်းကနေ အများဆုံးပါခဲ့ကြတာကို လူမှုမီဒီယာတွေမှာ တွေ့နေရတဲ့ ဓာတ်ပုံ၊ ဗွီဒီယိုမှတ်တမ်းတွေက သက်သေခံနေတာပါပဲ ဖြစ်ပါတယ်။

**၅၁၈+**

**ဖမ်းဆီးခံရသူ ၅၀၀ ကျော်ရှိ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းမှုနောက်ပိုင်း မတ် ၇ ရက်အထိ ဖမ်းဆီးခံရသော အမျိုးသမီး ၅၁၈ ဦး ရှိခဲ့ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများအရ သိရသည်။ ၎င်းတို့အနက် ကိုးဦးသည် ဖမ်းဝရမ်းအထုတ်ခံရ၍ တိမ်းရှောင်နေကြရသည်။ ပြန်လည်လွတ်မြောက်လာသူ ၇၉ ဦးသာ ရှိသဖြင့် အမျိုးသမီး ၄၃၉ ဦးမှာ ဖမ်းဆီး တရားစွဲခံထားရဆဲ ဖြစ်ပါသည်။ ထို့အပြင် ဖမ်းဆီးခံထားရသူများထဲ၌ အမျိုးသမီးသတင်းထောက် ခြောက်ဦးလည်း ပါဝင်ခဲ့သည်။

## **အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄)**

အမျိုးသမီးများအား ဖိနှိပ်ကန့်သတ်သော
‘အိမ်တွင်းမှု၊ အိမ်ပြင်ပ နယ်ပယ်ခွဲခြားသတ်မှတ်ခြင်း’ အယူများ






**မမြသွဲ့သွဲ့ခိုင်**
အသက် ၁၉ နှစ်
နေပြည်တော်



**ဒေါ်တင်နွဲ့ရီ**
အသက် ၅၉ နှစ်
ရန်ကုန်



**ဒေါ်ဒေစီ**
အသက် ၃၂ နှစ်
မန္တလေး



**မကြွယ်စင်လင်း**
အသက် ၁၉ နှစ်
မန္တလေး



**ဒေါ်မြင့်မြင့်ဇင်**
အသက် ၃၆ နှစ်
မုံရွာ



**မကျော့နန္ဒာအောင်**
အသက် ၁၉ နှစ်
မုံရွာ

**အမျိုးသမီးခြောက်ဦး သေဆုံး**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက် ၅၉ ဦးအနက် ခြောက်ဦးမှာ အမျိုးသမီးများ ဖြစ်ပါသည်။ ၎င်းတို့အနက် အသက် ၁၉ နှစ်အရွယ် သုံးဦး ပါဝင်ခဲ့သည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄)

### အမျိုးသမီးများအား ဖိနှိပ်ကန့်သတ်သော ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ နယ်ပယ်ခွဲခြားသတ်မှတ်ခြင်း’ အယူများ

အထက်မှာဖော်ပြခဲ့တဲ့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အကြမ်းမဖက် လှုပ်ရှားမှုတိုင်းမှာ အမျိုးသမီးတွေဟာ ရှေ့တန်းကပါခဲ့သလို၊ ဆန္ဒထုတ်ဖော်ပွဲတွေကို ဦးဆောင်ခဲ့ကြသူတွေထဲမှာလည်း အမျိုးသမီးတွေ ပါခဲ့ပါတယ်။ တခါ ဆန္ဒထုတ်ဖော်မှုတွေကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံး ဖြိုခွင်းချိန်မှာလည်း အမျိုးသမီးတွေ နောက်မတွန့်ခဲ့ပါဘူး။ အာဏာသိမ်း စစ်ကောင်စီရဲ့ အကြမ်းဖက် အင်အားသုံးဖြိုခွင်းမှုတွေကြောင့် ပထမဆုံး သေဆုံးခဲ့ရသူဟာ အမျိုးသမီးငယ်တဦး ဖြစ်ခဲ့ရပြီး မတ် ၈ ရက်အထိ သေဆုံးသူ ၅၉ ဦးထဲမှာ အမျိုးသမီးတွေက ခြောက်ဦးအထိ ရှိခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဖိုဝါဒကြီးစိုးတဲ့ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး ဆောင်ရွက်ကြတဲ့အခါ အိမ်ထောင်ရှင်မတွေ၊ အမျိုးသမီးတွေက သူတို့ရဲ့ နေ့စဉ်ဘဝထဲကနေ နိုင်ငံရေးကိုဖွေ့ရှာပြီး လှုပ်ရှားမှုတွေမှာ အင်တိုက်အားတိုက် ပါဝင်လာခြင်းဟာ ရှေးရိုးစွဲအယူအဆဖြစ်တဲ့ ဘယ်အရာကတော့ မိန်းမတွေနဲ့သာဆိုင်တယ်၊ ဘာတွေကတော့ အိမ်တွင်းမှုကိစ္စတွေသာ ဖြစ်တယ်၊ ဘယ်ကိစ္စကတော့ ယောက်ကျားတွေနဲ့ပဲ သက်ဆိုင်တဲ့ နိုင်ငံ့အရေးကိစ္စဖြစ်တယ်ဆိုတဲ့ ‘အိမ်တွင်းမှု၊ အိမ်ပြင်ပ ခွဲခြားသတ်မှတ်ချက်’ Public/Private Dichotomy တွေကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံရေးဆိုတာ သမာရိုးကျ စည်းမျဉ်းဥပဒေသတွေအရ အမျိုးသမီးတွေနဲ့ အလှမ်းဝေးတဲ့ အရာတခုအဖြစ် သဘောထားရာကနေ နိစ္စဓူဝ  အိမ်တွင်းမှုကိစ္စမျိုးနဲ့ ဆက်စပ်စဉ်းစားလာကြတဲ့အခါ ဒီလိုစဉ်းစားမှုတွေ အနာဂတ်ကာလမှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး မြန်မာအမျိုးသမီးထုရဲ့ ပြောဆိုလုပ်ကိုင်ပိုင်ခွင့်တွေ ပိုရရှိဖို့အတွက် အလားအလာကောင်းတွေ ဖြစ်လာပါတယ်။

**Further Readings**

Carole Pateman. 1983. Feminist Critiques of the Public/Private Dichotomy, in Public And Private In Social Life 281.

Chia-Ling Yang. 2017. The political is the personal: women's participation in Taiwan's Sunflower Movement, Social Movement Studies,
DOI: 10.1080/14742837.2017.1344542

Ivan Nechepurenko. September 19, 2020. Hundreds of Women arrested at protest in Belarus. New York Times. https://www.nytimes.com/2020/09/19/world/europe/belarus-protests-women.html